# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
# ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ သိပ္ပံဘွဲ့ (သစ်တောပညာ) B.Sc Forestry၊ (၅) နှစ်သင်တန်းသို့ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၆၄) ဦးနှင့် အမျိုးသမီးဦးရေ (၁၆) ဦး၊ စုစုပေါင်း (၈၀) ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၆၀) မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာ ဘာသာရပ်များနှင့်ပတ်သက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့် ပဏာမရွေးချယ်ခံရသူများအနေဖြင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် မိုင် (၂၀) လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းခံယူရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A-4 Size) စာရွက်တွင် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ခ) ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ဂ) ပြစ်မှု/ ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း သို့မဟုတ် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)

(ဃ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ) နှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)

(င) လိုင်စင်ဓာတ်ပုံ (၄) ပုံ

(စ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/ တိုင်းဒေသကြီးပြည်သူ့ဆေးရုံတို့မှ ကျန်းမာကြောင်း ဆေးစစ်ချက်**(မူရင်း)**နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း (**Colour Blind**) ဆေးစစ်ချက် **(မူရင်း)**

၆။ လျှောက်လွှာကို အမှတ်စဉ် (၅) ပါ အထောက်အထားများနှင့်အတူ သင်တန်းရေးရာဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၇။ အချက်အလက်များ မှန်ကန်မှု မရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၀။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၁၉ သို့မဟုတ် E.mail လိပ်စာ ufes.registrar@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# လျှောက်လွှာနမူနာပုံစံ

## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း

### ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ

### (၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ
တစ်ပုံကပ်
သုံးပုံပူးတွဲ

၁။ အမည် (အပြည့်အစုံ) _______________ နိုင်ငံသားစိစစ်ရေးကတ်အမှတ် _________________

၂။ မွေးသက္ကရာဇ် (ရက်၊ လ၊ နှစ်) ______________________________________________________

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ____________ ခုနှစ် ____________________

စာစစ်ဌာန ____________________________________

၄။ လူမျိုး ____________________ ကိုးကွယ်သည့်ဘာသာ ___________________________________

၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ် ________________________________________

_____________________________________________________________________________

၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ် ___________________________________________

_____________________________________________________________________________

၇။ ဖခင်အမည် ______________________ နိုင်ငံသားစိစစ်ရေးကတ်အမှတ် _________________

အလုပ်အကိုင် ___________________________________________________________

အမိအမည် ______________________ နိုင်ငံသားစိစစ်ရေးကတ်အမှတ် _________________

အလုပ်အကိုင် ___________________________________________________________

၈။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ - - - - - - - - - - - - - - - - - - - ----------------------------------

လျှောက်ထားသူ၏လက်မှတ်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ - - - - - - - - - - - - - - - - - - - -------- - - - - - - - - - - - -

မိဘ/ အုပ်ထိန်းသူလက်မှတ်